# ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ရငွေရှာဖွေနိုင်မှုနှင့် အသုံးစရိတ်သုံးစွဲနိုင်မှု အခွင့်အာဏာကို လေ့လာခြင်း

(ရှမ်းပြည်နယ်)

ရှမ်းပြည်နယ် မူဝါဒအကျဉ်းချုပ်အတွက် အဆိုပြုခေါင်းစဉ်:

# "ဘဏ္ဍာရေး ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းတွင် ရှမ်းပြည်နယ်၏ ရငွေရှာဖွေနိုင်မှုနှင့် အသုံးစရိတ်သုံးစွဲနိုင်မှု အခွင့်အာဏာကို လေ့လာခြင်း"

24-1-2019

# နောက်ခံအကြောင်းအရာ

- လတ်တလောဆယ်စုနှစ်များအတွင်း ဖက်ဒရယ်ဒီမိုကရေစီနှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဖြစ်စဉ်ကို နိုင်ငံများက ကျယ်ကျယ်ပြန့်ပြန့်လက်ခံလာ
- ဖွံ့ဖြိုးပြီးနိုင်ငံများတွင်သာမက ဖွံ့ဖြိုးဆဲနှင့် ထွန်းသစ်စနိုင်ငံများတွင်ပါ ဗဟိုချုပ်ကိုင်မှုလျှော့ချလာ
- ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းတွင် အစိုးရများကို ပြည်သူနှင့် နီးနီးကပ်ကပ်ရှိစေပြီး အသုံးစရိတ်သုံးစွဲမှုများ၊ လိုအပ်ချက်များကို ဖြည့်စွမ်းပေးနိုင်ခြင်းတို့တွင် အရည်အသွေးတိုးတက်စေ
- ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဆိုသည်မှာ ဗဟိုအစိုးရက ဒေသန္တရအစိုးရများသို့ ပြည်သူ့ရေးရာလုပ်ငန်းများဆောင်ရွက်နိုင်စေမည့် အခွင့်အာဏာကို လွှဲပြောင်းပေးခြင်းဖြစ်ပြီး ဒေသန္တရအစိုးရများက ထိရောက်သော အုပ်ချုပ်ရေးဖြစ်စေမှု၊ သာတူညီမျှမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူတာဝန်ခံမှုများကို ဖြစ်စေ

# နောက်ခံအကြောင်းအရာ (အဆက်)

- ဗဟိုချုပ်ကိုင်မှု လျော့ချခြင်းတွင် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသော မျက်နှာစာ

  (၄) ရပ်ရှိ

  - ❖ နိုင်ငံရေးမဏ္ဍိုင်တွင် ဗဟိုချုပ်ကိုင်မှုလျော့ချခြင်း
  - ❖ အုပ်ချုပ်ရေးမဏ္ဍိုင်တွင် ဗဟိုချုပ်ကိုင်မှုလျော့ချခြင်း
  - ❖ ဘဏ္ဍာရေးမဏ္ဍိုင်တွင်ဗဟိုချုပ်ကိုင်မှု လျော့ချခြင်း
  - ❖ ဈေးကွက်ဗဟိုချုပ်ကိုင်မှုလျော့ချခြင်း

- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်အခြေခံ၍ ဗဟိုချုပ်ကိုင်မှုဖြေလျော့ခြင်း လုပ်ငန်းစဉ်များအရ တိုင်းဒေသကြီး နှင့် ပြည်နယ် ၁၄ ခု တို့တွင် သက်ဆိုင်ရာ အစိုးရများ၊ တစ်စိတ်တစ်ဒေသရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော် များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသငါးခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုရှိ

# နောက်ခံအကြောင်းအရာ (အဆက်)

- နိုင်ငံရေးမဏ္ဍိုင်တွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့်အတူ တိုင်းဒေသကြီး/ပြည် နယ်အစိုးရများသို့ ဆုံးဖြတ်ချက်ချမှတ်နိုင်မည့် အခွင့်အာဏာတစ်စိတ်တစ်ပိုင်း နှင့် အုပ်ချုပ်ရေး စီမံခန့်ခွဲနိုင်ခွင့်ဆိုင်ရာ/ဘဏ္ဍာရေးဆိုင်ရာ တာဝန်ဝတ္တရား များကိုလည်း ခွဲဝေပေးခဲ့ (သို့သော် Decentralization ထက် Deconcentration သဘောဆောင်)
- ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ၂၀၁၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဇယား ၂ က ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများ၏ တာဝန်များကို ခွဲခြားထားသော်လည်း ယေဘုယျဆန်

# ဇယား (၁) မြန်မာနိုင်ငံ၏ ပိုင်းခြားစည်းသပ်ထားသည့် အသုံးစရိတ်တာဝန် (တနည်း ဥပဒေ◌ြုရေးတာဝန်)

| အခန်းကဏ္ဍ | တာဝန်ခံထားသောအစိုးရ | မှတ်ချက် |
|---|---|---|
| နိုင်ငံခြားရေး | ပြည်ထောင်စုအစိုးရ | |
| ပြည်ပကုန်သွယ်ရေး | ပြည်ထောင်စုအစိုးရ | |
| ကာကွယ်ရေး | ပြည်ထောင်စုအစိုးရ | |
| ရဲတပ်ဖွဲ့ | ပြည်ထောင်စုအစိုးရ | စည်ပင်ရဲ (တိုင်း/ပြည်နယ်) |
| ဘဏ္ဍာရေးမူဝါဒ | ပြည်ထောင်စုအစိုးရ, တိုင်းဒေသကြီး/ပြည်နယ်အစိုးရ | |
| စီမံကိန်းနှင့် ဘဏ္ဍာရေး | ပြည်ထောင်စုအစိုးရ, တိုင်းဒေသကြီး/ပြည်နယ်အစိုးရ | |
| ငွေကြေးမူဝါဒ | ပြည်ထောင်စုအစိုးရ | |
| လူဝင်မှု ကြီးကြပ်ရေး | ပြည်ထောင်စုအစိုးရ | |
| သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး | ပြည်ထောင်စုအစိုးရ, တိုင်းဒေသကြီး/ပြည်နယ်အစိုးရ | တိုင်း/ပြည်နယ်အစိုးရများတွင် အနည်းငယ်မျှလုပ်ပိုင်ခွင့်ရ |
| ပညာရေး | ပြည်ထောင်စုအစိုးရ | ဗဟိုချုပ်ကိုင်မှု လျှော့ချလာ |
| ကျန်းမာရေး | ပြည်ထောင်စုအစိုးရ | ဗဟိုချုပ်ကိုင်မှု လျှော့ချလာ |
| လျှပ်စစ် | ပြည်ထောင်စုအစိုးရ, တိုင်းဒေသကြီး/ပြည်နယ်အစိုးရ | |
| လမ်းပန်း | ပြည်ထောင်စုအစိုးရ, တိုင်းဒေသကြီး/ပြည်နယ်အစိုးရ | |
| စက်မှု နှင့် စိုက်ပျိုးရေး | ပြည်ထောင်စုအစိုးရ, တိုင်းဒေသကြီး/ပြည်နယ်အစိုးရ | |
| လူမှုဝန်ထမ်း | ပြည်ထောင်စုအစိုးရ | |
| နယ်စပ်ဒေသဖွံ့ဖြိုးရေး | ပြည်ထောင်စုအစိုးရ | |
| စည်ပင်သာယာနှင့် မြို့ပြစီမံခန့်ခွဲမှု | တိုင်းဒေသကြီး/ပြည်နယ်အစိုးရ | |

# နောက်ခံအကြောင်းအရာ (အဆက်)

- ရှင်းလင်းသည့် ရငွေနှင့်အသုံးစရိတ်တာဝန် ခွဲခြားပိုင်းဖြတ်ထားရန် အရေးကြီး
- တာဝန်ခွဲဝေမှုများ ရှုပ်ထွေး၍ ရှင်းလင်းမှုမရှိလျှင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းမှ ရရှိမည့် အကျိုးရလဒ်များ အားနည်းနိုင်
- ပြည်သူလူထုလိုအပ်ချက်ကို အနီးကပ်ဖြည့်ဆည်းရန် တာဝန်ပေးထားသည့် ဒေသန္တရအစိုးရများကို လိုက်လျောညီထွေရှိသည့် အခွင့်အာဏာမပေးထားလျှင် ပြည်သူ့ဝန်ဆောင်မှုပေးရန်နှင့် ကတိကဝတ်များ ဖြည့်ဆည်းရန် ခက်ခဲမည်ဖြစ်
- အလားတူပင် ရငွေပိုင်းအခွင့်အာဏာများတွင် တာဝန်ရှင်းလင်းမှု၊ အခွန်အခြေနှင့် နှုန်းထားများအပေါ် အပြည့်အဝ စီမံခန့်ခွဲနိုင်မှု (ထိုသို့ဆောင်ရွက်နိုင်သည်ကို လက်ခံနားလည်ထားမှုတို့) လိုအပ်မည်ဖြစ်

# မြန်မာနိုင်ငံ၌ ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှုလျော့ချခြင်း

- ၂၀၁၁ - ၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ် နှစ်လယ်မှစတင်ခဲ့
- ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စတင်ဖွင့်လှစ်ထားရှိပြီး တိုင်းဒေသကြီး/ ပြည်နယ်ဘဏ္ဍာရန်ပုံငွေပါ ဌာန၊ အဖွဲ့အစည်းများ၏ ရငွေ၊အသုံးစရိတ်များကို စုစည်းတင်ပြခြင်းနှင့် ဘဏ္ဍာရေးခွင့်ပြုမိန့်ပေးခြင်းများကို ဆောင်ရွက်
- စီမံကိန်းရေးဆွဲရေးဦးစီးဌာနများက ပြည်ထောင်စုအတွက်သာမက တိုင်းဒေသကြီး/ပြည်နယ်များ၏ ငွေလုံးငွေရင်းအသုံးစရိတ်များကို စုစည်းတင်ပြရန် တာဝန်ခံဆောင်ရွက်
- ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ၂၀၁၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ ဇယား ၂ နှင့် ၅ တို့ဖြင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဘတ်ဂျက်ပါ ဌာန/အဖွဲ့အစည်းများ၏ ရငွေရှာဖွေမှုနှင့် အသုံးစရိတ်သုံးစွဲမှုအခွင့်အာဏာပေးအပ်ထား

# မြန်မာနိုင်ငံ၏ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းလုပ်ငန်းစဉ် (အဆက်)

ပုံ ၃ - ၂၀၀၉ နှင့် ၂၀၁၃ ခုနှစ်ရှိ ရွေးချယ်ထားသော နိုင်ငံများ၏ ဒေသန္တရ အစိုးရအသုံးစရိတ်ပါဝင်မှု (ရာခိုင်နှုန်း)




*Source: Jorge Martinez-Vasquez (2011) and Myanmar Government for the data of Myanmar*

- မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ဗဟိုချုပ်ကိုင်မှု ကြီးမား
- မြန်မာနိုင်ငံ၏ အထွေထွေအစိုးရ စုစုပေါင်းအသုံးစရိတ်သည် ဂျီဒီပီ၏ ၂၀ ရာခိုင်နှုန်းရှိ
- တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ အသုံးစရိတ်သည်အစိုးရတစ်ရပ်လုံး အသုံးစရိတ် ၏ ၁၀ ရာခိုင်နှုန်း ဖြစ်

# မြန်မာနိုင်ငံ၏ ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းလုပ်ငန်းစဉ် (အဆက်)

- တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ သည် ယခင်ထက် ပိုမိုအရေးပါသော အခန်းကဏ္ဍတွင် ပါဝင်လာ
- တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ များ၏ စုစုပေါင်းရငွေနှင့် အသုံးစရိတ် များသည် ၂၀၁၈-၂၀၁၉ တွင် ကျပ် ၂.၈၆ ထရီလီယံနှင့် ၁၀.၆ ထရီလီယံ အသီးသီးရှိ
- ၂၀၁၂-၁၃ တွင်ရှိခဲ့သည့် ကျပ် ၄၆၇ ဘီလီယံနှင့် ၈၆၄ ဘီလီယံနှင့် နှိုင်းယှဉ်ကြည့်နိုင်



# မြန်မာနိုင်ငံ၏ ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းလုပ်ငန်းစဉ် (အဆက်)

- တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ ရငွေနှင့်အသုံးစရိတ်များသည် အရွယ် အစားအားဖြင့် မြင့်တက်သော်လည်း ပါဝင်မှုရာခိုင်နှုန်းမှာ သိသိသာသာ ပြောင်းလဲခြင်းမရှိ (အထူးသဖြင့် ရငွေ ပိုင်း)



(ပုံ - ၃) ပြည်ထောင်စု နှင့် တိုင်းဒေသကြီး/ပြည်နယ်များ ဘတ်ဂျက်အခြေအနေ

# မြန်မာနိုင်ငံ၏ ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းလုပ်ငန်းစဉ် (အဆက်)

- ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရငွေ သည် အစိုးရတစ်ရပ်လုံး၏ ၄ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၈-၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ၅ ရာခိုင်နှုန်းသို့ မြင့်တက်လာ (၁၃၀ % မြင့်တက်)

- အသုံးစရိတ်တွင်မူ ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်တွင် အစိုးရတစ်ရပ်လုံး၏ ၆ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၈-၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ၁၀ ရာခိုင်နှုန်းသို့ မြင့်တက်လာ (၂၃၀ % မြင့်တက်)



# မြန်မာနိုင်ငံ၏ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းလုပ်ငန်းစဉ် (အဆက်)

- ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့ငွေ ပေါ်မှီခိုနေရ
- ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့ငွေ နှင့် အခွန်ဝေစုသည် စုစုပေါင်း အသုံး စရိတ်၏ ၆၃ ရာခိုင်နှုန်းနှင့် ၁၂ ရာခိုင် နှုန်း အသီးသီးရှိ
- ကိုယ်ပိုင်ရငွေများဖြစ်သည့် အခွန်ရငွေ နှင့် အခြားသာမန်ရငွေများသည် တိုင်းဒေသကြီး/ပြည်နယ်များ၏ စုစုပေါင်းအသုံးစရိတ်၏ ၂၅ ရာခိုင်နှုန်း ခန့်သာရှိ

**(ပုံ - ၅) တိုင်းဒေသကြီး/ပြည်နယ်များ၏ ဘဏ္ဍာရငွေ နှစ်အလိုက်ပြောင်းလဲမှု**

၂၀၁၂-၁၃ မှ ၂၀၁၈-၁၉ ထိ၊ ကျပ် ဘီလီယံ



# မြန်မာနိုင်ငံ၏ ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းလုပ်ငန်းစဉ် (အဆက်)

- ရန်ကုန် နှင့် မန္တလေးတို့တွင်မူ ကိုယ်တိုင်ရှာဖွေရငွေမှာ စုစုပေါင်းအသုံးစရိတ်၏ ၅၃ ရာခိုင်နှုန်း နှင့် ၅၆ ရာခိုင်နှုန်း အသီးသီးရှိ
- အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင်

အသုံးစရိတ်အတွက်ကိုယ်တိုင်ရှာဖွေရငွေ ဖြင့် ဘဏ္ဍာငွေဖြည့်ဆည်းနိုင်မှုပျမ်းမျှ ၉ ရာခိုင်နှုန်းနှင့်နိုင်းယှဉ်လျင် သိသိသာသာ မြင့်မား

(ပုံ - ၆) တိုင်းဒေသကြီး/ပြည်နယ်များ၏ ရငွေအမျိုးအစားအလိုက်
*၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်, ရာခိုင်နှုန်း*



# ရှမ်းပြည်နယ်ဘတ်ဂျက် ပြည်သူ့ဘဏ္ဍာရေးအခြေအနေ

- ၂၀၁၂-၁၃ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈ - ၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှိုင်းယှဉ်ပါက ပြည်နယ်ဘတ်ဂျက်အသုံးစရိတ် ၂ ဆ မြင့်တက်
- အထူးသဖြင့် ငွေလုံးငွေရင်း အသုံးစရိတ် ကြီးကြီးမားမားမြင့်တက်လာခဲ့



# ရှမ်းပြည်နယ်ဘတ်ဂျက် ပြည်သူ့ဘဏ္ဍာရေးအခြေအနေ (အဆက်)

- ၂၀၁၈-၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းအသုံးစရိတ် ကျပ် ၂၆၉ ဘီလျံရှိပြီး ကိုယ်တိုင်ရှာဖွေရငွေမှာ ကျပ် ၂၇.၆ ဘီလျံ ရှိ
- ထို့အတွက် အသုံးစရိတ်၏ ၁၀ ရာခိုင်နှုန်းခန့်ကိုသာကိုယ်တိုင်ရှာဖွေရငွေဖြင့် ဖြည့်ဆည်းနိုင်

(ပုံ - ၈) ကိုယ်ပိုင်ရှာဖွေရငွေနှင့် အသုံးစရိတ်



# ရှမ်းပြည်နယ်ဘတ်ဂျက် ပြည်သူ့ဘဏ္ဍာရေးအခြေအနေ (အဆက်)

- ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၅ အရ ရှမ်းပြည်နယ်က အခွန် ၈ မျိုးနှင့် အခြားသာမန် ရငွေများ ရှာဖွေ
- အခွန်နှင့် အခြားသာမန်ရငွေများအကြား ရှုပ်ထွေးမှုများလည်း ရှိနေ

  (ဥပမာအားဖြင့် ယစ်မျိုးခွန်နှင့် ငါးလုပ်ငန်းခွန် ဆိုခြင်းထက် စီးပွားရေးလုပ်ငန်း လိုင်စင်ကြေးမျိုးသာ ဖြစ်)

- ရငွေအခွင့်အာဏာများ မရှင်းလင်းသည့်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ဖွဲ့စည်းပုံအခြေခံဥပဒေပေးထားချက်အတွင်း ကိုယ်တိုင်ရှာဖွေရငွေတိုးမြင့်ရရှိရန် မည်မျှ ဆောင်ရွက်နိုင်ပြီးဖြစ်သည်၊ မည်သည့်ရငွေအမျိုးအစားများကို မည်ရွေ့မည်မျှ တိုးမြင့် ရှာဖွေနိုင်သေးသည်ကို သိရှိရန် ခက်ခဲစေ

# ရှမ်းပြည်နယ်ဘတ်ဂျက် ပြည်သူ့ဘဏ္ဍာရေးအခြေအနေ (အဆက်)

- ကိုယ်တိုင်ရှာဖွေရငွေတွင် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေအတွင်းရှိ ဌာန/အဖွဲ့အစည်းများမှ
  အခွန် (၈) မျိုးနှင့် အခြားသာမန်ရငွေများဖြစ်သည့် ငှားရမ်းခ၊ လုပ်ငန်းလိုင်စင်ကြေး ရငွေများ၊ ဒဏ်ကြေးငွေ စသည်များပါဝင်။

## (ဇယား -၂) ကိုယ်တိုင်ရှာဖွေရငွေအမျိုးအစားများ

| အခွန်အကောက်ရငွေ | |
|---|---|
| ယစ်မျိုးခွန် | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန |
| မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | |
| တာတမံခွန် | |
| ဓာတ်သတ္တုခွန် | |
| အင်းအိုင်ခွန် | ငါးလုပ်ငန်းဦးစီးဌာန |
| သစ်တောခွန် | သစ်တောဦးစီးဌာန |
| ပစ္စည်းခွန် | စည်ပင်သာယာရေးအဖွဲ့များ |
| ဘီးခွန် | |

| အခွန်မဟုတ်သည့် အခြားသာမန်ရငွေ |
|---|
| ၁. ပစ္စည်းများရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက်ရငွေများ |
| ၂. ငှားရမ်းခနှင့်အခကြေးငွေများ |
| ၃. လုပ်ငန်းလိုင်စင်ခများ |
| ၄. အခွင့်အရေးလိုင်စင်ခများ |
| ၅. အဆောက်အအုံ ကြီးကြပ်ခရငွေများ |
| ၆. ဒဏ်ကြေးငွေများ |
| ၇. အသေးစားပစ္စည်းများရောင်းရငွေ |
| ၈. အခြားသော သာမန်ရငွေများ |

# ရှမ်းပြည်နယ်ဘတ်ဂျက် ပြည်သူ့ဘဏ္ဍာရေးအခြေအနေ (အဆက်)

- ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား လုပ်ငန်းတာဝန်ခွဲဝေထားမှုများ မရှင်းလင်း
- တာဝန်ခွဲခြားထားမှုများနှင့် လက်ရှိ အမှန်တကယ်ဖြစ်ပေါ်နေသည့်အခြေအနေများကို ပြန်လည်သုံးသပ်ရန် လိုအပ်
- ထို့အပြင် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ ဌာနဖွဲ့စည်းပုံများကို ပြန်လည်သုံးသပ်ရန် လိုအပ်
- ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပေးထားချက်အခွင့်အာဏာများ ရှိသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေမတိုင်ခင်က ရှိခဲ့သည့်ဥပဒေများနှင့် ဌာနဖွဲ့စည်းပုံများ အသက်ဝင်
- ဥပမာအားဖြင့် အကောက်ခွန်၊ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဆက်စပ်ဌာနများ

# (ဇယား -၃) တိုင်းဒေသကြီး/ပြည်နယ်များ၏ ဘဏ္ဍာရေးအခွင့်အလမ်းများနှင့် ၎င်းနှင့်အံကိုက်မဖြစ်သေးသည့် စီမံအုပ်ချုပ်ရေးမဏ္ဍိုင် (ဥပမာများ)

| ဘဏ္ဍာအရင်းအမြစ် | သက်ဆိုင်ရာဌာန | ဥပဒေ |
|---|---|---|
| ယစ်မျိုးခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန * | ၂၀၀၈ အခြေခံဥပဒေ |
| အာမခံလုပ်ငန်းဆိုင်ရာအခွန်အခ | အာမခံလုပ်ငန်း ** | ၂၀၁၅ အခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ |
| ဝင်ငွေခွန်ဆိုင်ရာအခွန်အခ | ပြည်တွင်းအခွန်များဦးစီးဌာန ** | |
| ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာအခွန်အခ | ပြည်တွင်းအခွန်များဦးစီးဌာန ** | |
| အကောက်ခွန်ဆိုင်ရာအခွန်အခ | ပြည်တွင်းအခွန်များဦးစီးဌာန ** | |
| သယံဇာတထုတ်ယူခြင်းများပေါ်ကောက်ခံသည့် အခွန်အခ | သက်ဆိုင်ရာဌာနများ/နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ ** | |
| စက်မှုလုပ်ငန်းဆိုင်ရာအခွန်အခ | စက်မှုဝန်ကြီးဌာန ** | |
| လေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ အခွန်အခ | လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ** | |
| ကိုယ်ပိုင်ကျောင်းနှင့်သင်တန်းများဆိုင်ရာ အခွန်အခ | ပညာရေး ဝန်ကြီးဌာန ** | |
| ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများဆိုင်ရာ အခွန်အခ | ကျန်းမာရေးဝန်ကြီးဌာန ** | |

*ထွေ/အုပ် ဌာနသည် တိုင်းဒေသကြီး/ပြည်နယ် ဘတ်ဂျက်တွင်ပါဝင်ပြီး ယစ်မျိုးရောင်းချခွင့်နှင့် ၎င်းနှင့်ဆက်စပ်သော လိုင်စင်များအတွက် အခွန်ကောက်ခံ ၊ အမှန်တကယ်တမ်းတွင် ယစ်မျိုးခွန်မှာ လိုင်စင်ကြေးထက် ပိုမို
ပြည်ထောင်စုအခွန်အကောက် ဥပဒေ ၂၀၁၆ ဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံသည့်
အရက်/ဆေးလိပ်/ဆေးရွက်ကြီးတို့အတွက် အထူးကုန်စည်ခွန်မှာ ပိုမိုနီးစပ်
** ပြည်ထောင်စု ဘတ်ဂျက်အောက်တွင်ရှိဆဲ ဌာန/နိုင်ငံပိုင်အဖွဲ့အစည်းများ

# ရငွေနှင့် အသုံးစရိတ် အခွင့်အာဏာမညီမျှခြင်း၏ အကျိုးဆက်များ

(၁) ဘဏ္ဍာရေးဆိုင်ရာ အခွင့်အာဏာ အကန့်အသတ်များ

- ရှမ်းပြည်နယ်သည် ပြည်ထောင်စုထောက်ပံ့ငွေအပေါ် မှီခိုနေရ၊ ဘဏ္ဍာရေးအကန့်အသတ်ရှိ
- တစ်နှစ်တစ်ကြိမ် ခွဲဝေသတ်မှတ်ထားသော ပြည်ထောင်စုထောက်ပံ့ငွေကို မှီခိုနေရခြင်းကြောင့် နှစ်ရှည် စီမံကိန်းများရေးဆွဲရာတွင်လည်းကောင်း၊ ဖွံ့ဖြိုးမှုအစီစဉ်များ အကောင်အထည်ဖော်ရာတွင်လည်းကောင်း (လာမည့်နှစ်များတွင် ပြည်နယ်၏ ရငွေမည်မျှရှိမည်ကို မခန့်မှန်းနိုင်သည့်အတွက်) အခက်အခဲရှိစေနိုင်
- ဒေသန္တရအခွန်များအပေါ် စီမံဆုံးဖြတ်နိုင်မှုနှင့် ၎င်းအခွန်များကို ကြီးကြပ်ကောက်ခံနိုင်စွမ်းမှာလည်း အရေးပါ
- ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့ငွေအပေါ် မှီခိုရမှုကိုလျှော့ချရန် ကိုယ်တိုင်ဘဏ္ဍာငွေရှာဖွေနိုင်စွမ်း ခိုင်မာအားကောင်းရမည်ဖြစ်
- မကိုက်ညီတော့သည့် ပြည်ထောင်စုဥပဒေများကိုအစားထိုးနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်များအကြား ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်
- ရငွေစီမံခန့်ခွဲခွင့်အပြင် ပေးအပ်သည့် စီမံခန့်ခွဲပိုင်ခွင့်နှင့်ကိုက်ညီသော အုပ်ချုပ်ရေးဆိုင်ရာဌာနဖွဲ့စည်းပုံလည်းလိုအပ် (ဥပမာ - စည်ပင်သာယာရေးအဖွဲ့များ)

# ရငွေနှင့် အသုံးစရိတ် အခွင့်အာဏာမညီမျှခြင်း၏ အကျိုးဆက်များ

(၂) ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာငွေအကန့်အသတ်

- မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး၊ ပြည်နယ် အများစုမှာ လွှဲပြောင်းထောက်ပံ့ငွေအပေါ် မှီခိုရပြီး ပြည်သူ့ရေးရာဝန်ဆောင်မှုအတွက် အသုံးစရိတ်မလုံမလောက်ဖြစ်စေ
- ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာအရ ရှမ်းပြည်နယ် မှာ လူမှုဘဝအားနည်းသော ဒေသများအနက် တစ်ခုဖြစ်

Figure 13 : Multidimensional Welfare Index across States and Regions



# ရငွေနှင့် အသုံးစရိတ် အခွင့်အာဏာမညီမျှခြင်း၏ အကျိုးဆက်များ

(၂) ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာငွေအကန့်အသတ်

- ပြည်နယ်ဘတ်ဂျက်မှ အသုံးစရိတ်မှာလည်း လူတစ်ဦးကျလျှင် ကျပ် ၄၆၂၇၃ ဖြစ်ပြီး မြန်မာနိုင်ငံရှိ ပြည်နယ်များအားလုံးအနက် တစ်ဦးကျအသုံးစရိတ် အနည်းဆုံးပြည်နယ် ဖြစ်

**Figure 14 : Expenditure per capita across States and Regions**

*2018-19, MMK*



# ရငွေနှင့် အသုံးစရိတ် အခွင့်အာဏာမညီမျှခြင်း၏ အကျိုးဆက်များ

(၂) ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာငွေအကန့်အသတ်

- ဘတ်ဂျက်အကန့်အသတ်က ပြည်သူ့ဝန်ဆောင်မှုများအရည်အသွေးကို ထိခိုက်
- ရှမ်းပြည်နယ်မှာ နိုင်ငံ့ဧရိယာ၏ ၄ ပုံ ၁ ပုံ ကျယ်ဝန်းသလို တောင်တန်းထူထပ်
- လမ်းဦးစီးဌာန၏ လမ်းကွန်ယက်မှာ ရှမ်းပြည်နယ်အတွင်း ၆၀၃၉ မိုင်ရှိပြီး တစ်နိုင်ငံ လုံးရှိ ၎င်းဌာနလက်အောက်လမ်းကွန်ယက်၏ ၂၄ ရာခိုင်နှုန်းဖြစ်
- သို့သော်လည်း ၎င်းလမ်း ၆၀၃၉ မိုင်အနက် မြေသားလမ်းမိုင်မှာ ၁၀၀၀ ကျော်ရှိပြီး၊ လမ်းဦးစီးဌာန၏ တစ်နိုင်ငံလုံးရှိ ခြောက်သွေ့ရာသီသွားလာနိုင်သောလမ်းကွန်ယက်စ ုစုပေါင်း၏ ထက်ဝက်ဖြစ် (လမ်းဦးစီးဌာနလက်အောက်ရှိ တစ်နိုင်ငံလုံးရှိ ခြောက်သွေ့ ရာသီသာသွားလာနိုင်သော လမ်းမိုင်၏ ထက်ဝက်မှာ ရှမ်းပြည်နယ်တွင် ဖြစ်)
- ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်ရှိ (ပိုမို အရည်အသွေးနိမ့်သော) လမ်းများ ပါထည့်တွက်လျှင် ပြည်နယ်အတွင်း လမ်းများ၏ အရည်အသွေး ပိုမို အားနည်းနိုင်

# ရင္ဆိုင်ေနနှင့် အသုံးစရိတ် အခွင့်အာဏာမညီမျှခြင်း၏ အကျိုးဆက်များ

(၃) ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းမှ အသီးအပွင့်များ အားနည်းစေနိုင်

- ဘဏ္ဍာရေးအကန့်အသတ် (ရငွေနှင့် အသုံးစရိတ် မညီမျှမှု) က တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများ၏ တုန့်ပြန်ဖြေရှင်းနိုင်စွမ်းနှင့် ပြည်သူ့ထံတိုက်ရိုက်တာဝန်ခံနိုင်မှုကို ထိခိုက်စေ
- နိုင်ငံရေးအရ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းသာမက အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ မျက်နှာစာများတွင်ပါ လိုက်လျောညီထွေ ချုပ်ကိုင်မှုလျှော့ချရန်လိုအပ်
- စီမံကိန်းနှင့် ဘတ်ဂျက်လုပ်ငန်းစဉ်တွင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ပွင့်လင်း မြင်သာရေးပိုမိဆောင်ရွက်လာ >> ပြည်သူလူထု၏လိုလားချက်၊ လိုအပ်ချက်များကို တိုက်ရိုက်တောင်းဆိုမှုများ ပိုမိုလာမည်ဖြစ်
- သို့သော်လည်း ဆောင်ရွက်နိုင်သည့်အခွင့်အာဏာနှင့် စွမ်းဆောင်နိုင်ရည်မရှိလျှင် ဗဟို ချုပ်ကိုင်မှုလျှော့ချခြင်းမှ အသီးအပွင့်များ၊ နယ်မြေနှင့်လူထုအပေါ် နားလည်ဖြည့်ဆည်း ပေးနိုင်မှုတို့ အကန့်အသတ်ဖြစ်စေ
- ရလဒ်အားဖြင့် ပြည်သူလူထု၏ နိုင်ငံရေးအရသော်လည်းကောင်း၊ အခြားပြုပြင်ပြောင်း လဲမှုလုပ်ငန်းစဉ်များတွင်လည်းကောင်း ပါဝင်လိုမှုကို လျော့ကျစေနိုင်

# မူဝါဒအဆိုပြုချက်များ

(၁) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အကြား တာဝန်ခွဲဝေမှုများ ရှင်းလင်းစေခြင်း

- အသုံးစရိတ်တာဝန်ခွဲဝေမှုများကို ဦးစွာရှင်းလင်းရန်လို
- ၎င်းတွင် တည်ဆဲ အင်စတီကျူးရှင်းများ (ဥပဒေမူဘောင်များ၊ ဌာနဖွဲ့စည်းတည်ဆောက် ပုံများ) ကိုပါ လေ့လာ၍ လိုအပ်သလို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရမည်ဖြစ်
- သို့မှသာ deconcentration မှ devolution ကို ပိုမိုဖြစ်ထွန်းစေမည်ဖြစ်
- ထို့နောက်တွင် အသုံးစရိတ်တာဝန်များနှင့်လိုက်လျောညီထွေရှိမည့် ရငွေတာဝန်ခွဲဝေမှု များကို စဉ်းစားရန်လည်း အရေးကြီး
- ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဖြစ်စဉ်၏ ပထမနှစ်များတွင် လွှဲပြောင်းထောက်ပံ့ငွေကအရေး ပါခဲ့သော်လည်း ဒုတိယမြောက် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းလှိုင်းအတွက် ရငွေတာဝန် ခွဲဝေခြင်းများအပေါ် ဆွေးနွေးကြရန် လိုအပ်

# မူဝါဒအဆိုပြုချက်များ

(၂) တိုင်းဒေသကြီး၊ ပြည်နယ်၏ ရငွေရှာဖွေနိုင်စွမ်းကို တိုးမြှင့်ခြင်း

- တာဝန်ခွဲဝေမှုများအပေါ် ဆွေးနွေးအဖြေရှာစဉ်တွင် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ရငွေရှာဖွေနိုင်စွမ်းကို တိုးတက်လာအောင်ဆောင်ရွက်နိုင်
- လက်ရှိ ဥပဒေများ ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းကောက်ခံခြင်း၊ အခွန်အခြေနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ ကောက်ယူစုဆောင်းခြင်း၊ တရားဝင်စီးပွားရေးကြီးမားလာစေခြင်းနှင့် အခွန်အခြေတိုးချဲ့ခြင်း၊ အခွန်မဟုတ်သည့် အခြားသာမန်ရငွေများ ပြန်လည်စိစစ်ခြင်းတို့ကို ဆောင်ရွက်နိုင်
- ထို့အပြင် ဘတ်ဂျက်စာရင်းရေးသွင်းမှုနည်းလမ်းများ ကောင်းမွန်စေခြင်း၊ ဌာနဆိုင်ရာ များ၏ ငယ်စာရင်းများ တင်ပြစေခြင်းတို့က ဘတ်ဂျက်စိစစ်ထိန်းကျောင်းမှု (အထူးသဖြင့် အခြားသာမန်ရငွေများ) ကို အားကောင်းစေမည်ဖြစ်
- Budget digitalizing

# မူဝါဒအဆိုပြုချက်များ

(၃) ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့ငွေမူနည်းလမ်းများကို တိုးတက်စေခြင်း

- တိုင်းဒေသကြီး၊ ပြည်နယ်များအနက် ပြည်ထောင်စုလွှဲပြောင်းထောက်ပံ့ငွေမှာ အရေးပါသည့်ဘဏ္ဍာရင်းမြစ်အဖြစ် ဆက်ရှိနေမည်ဖြစ်
- ၂၀၁၅-၁၆ မှစ၍ ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့မှုကို ပိုမို စနစ်တကျဖြစ်လာစေ
- လွှဲပြောင်းထောက်ပံ့မှုစနစ် ပိုမိုကောင်းမွန်လာအောင် အောက်ပါတို့ကို ဆောင်ရွက်နိုင်
  - လက်ရှိ ညွှန်ကိန်းများက တိုင်းဒေသကြီး/ပြည်နယ်အလိုက်၏ လိုအပ်ချက်နှင့် ကိုယ်တိုင်ဘဏ္ဍာငွေထောက်ပံ့နိုင်စွမ်းကို မှန်မှန်ကန်ကန် ထင်ဟပ်ခြင်း ရှိ-မရှိ
  - ညွှန်ကိန်းတစ်ခုချင်းအပေါ် မတူညီသည့် အလေးပေးတွက်ချက်မှုမျိုး ထည့်သွင်းတွက်ချက်နိုင်ခြင်း
  - လက်တွေ့အခြေအနေနှင့်ကိုက်ညီအောင် ညွှန်ကိန်းများ (နှင့်သက်ဆိုင်သည့် ဒေတာအချက်အလက်များ) ကို ပုံမှန် ပြန်လည် update လုပ်ခြင်း
  - ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား ဘဏ္ဍာရေးဆိုင်ရာဆွေးနွေးမှုများ ပိုမို တိုးတက်လာစေခြင်း

# မူဝါဒအဆိုပြုချက်များ

(၄) ရှိဆဲ ဘဏ္ဍာရင်းမြစ်များကို သုံးစွဲရာတွင် ထိရောက်စွာ ခွဲဝေသုံးစွဲခြင်း

- အစိုးရများက အကန့်အသတ်ဖြင့်သာရှိသော ဘဏ္ဍာရင်းမြစ်များကို အသုံးပြု၍ အကောင်းဆုံးပြန်လည်သုံးစွဲရ (စီးပွားရေးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စသည့် ရည်မှန်းချက်များ၊ သာတူညီမျှမှုနှင့် ထိရောက်မှုတို့ကို ချိန်ဆသုံးစွဲရခြင်းများ)
- အစိုးရကဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းစဉ်များ၊ ၎င်းလုပ်ငန်းစဉ်များအကောင်အထည်ဖော်နိုင်မှုကို ပြန်လည်တိုင်းတာနိုင်မည့် ပန်းတိုင်၊မျှော်မှန်းချက်များ ထားရှိခြင်း
- လက်ရှိ အသုံးစရိတ်များက ဦးစားပေးများနှင့် ကိုက်-မကိုက် ၊ မူဝါဒမျှော်မှန်းချက်များ ပြည့်မီနိုင်ခြင်း ရှိ-မရှိ ကို သိရှိစေမည်ဖြစ်
- အလားတူပင် လက်တွေ့မျက်တွေ့အချက်အလက်များအပေါ်အခြေခံ၍ မူဝါဒဆုံးဖြတ်ချက်ချမှတ်ခြင်းကလည်း အသုံးစရိတ်များ၏ ထိရောက်ကောင်းမွန်မှုကို အားပေးစေမည်ဖြစ်
- မူဝါဒ၊ ဦးစားပေးလုပ်ငန်းစဉ်များနှင့် စီမံကိန်း/ဘတ်ဂျက်ရေးဆွဲရာတွင် ပြည်သူလူထု၏ ပါဝင်နိုင်မှု၊ တုန့်ပြန်နိုင်မှုကို အလေးထားခြင်း၊ ပြည်သူ့အသံကို ပြန်လည်နားထောင်နိုင်မည့် စနစ်တစ်ခု ဖန်တီးခြင်းတို့က ဘဏ္ဍာရင်းမြစ်များ စီမံခန့်ခွဲရာတွင် တာဝန်ယူ၊ တာဝန်ခံမှုရှိသော၊ ပွင့်လင်းမြင်သာမှုရှိသော အစိုးရတစ်ရပ်ကို ဖြစ်စေမည်ဖြစ်

ကျေးဇူးတင်ရှိပါသည်။


Download from
Dreamstime.com
ID 40108833
Poringpang | Dreamstime.com